# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးကျင်းပခြင်း (၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊ ၂၆ရက်နေ့)




၂၀၁၈ခုနှစ်၊ဩဂုတ်လ ၂၆ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသည်ဇုန်ဘီစီမံကိန်းကြောင့်ထိခိုက်သူများနှင့်အတူလူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပါသည်။အစည်းအဝေးကျင်းပခြင်း၏ရည်ရွယ်ချက်မှာဇုန်ဘီပြန်လည်နေရာချထားရေးနေရာ၏အမှိုက်သိမ်းဆည်းခြင်းကိစ္စ၊ရေထောက်ပံ့ရေးစနစ်၊လမ်းလျှပ်စစ်မီးနှင့်မိလ္လာပြဿနာတို့အားဆွေးနွေးရန်ဖြစ်သည်။အဆိုပါအစည်းအဝေးသို့ဇုန်ဘီပြန်လည်နေရာချထားရေးနေရာမှစီမံကိန်းကြောင့်ထိခိုက်သူများ၊သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအဖွဲ့ဝင်များနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့တို့မှတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးတွင်ပြန်လည်နေရာချထားရေးနေရာ၌လမ်းလျှပ်စစ်မီးမီတာနှင့်အမှိုက်ကားလာရောက်သိမ်းဆည်းမှုအတွက်ပေးချေငွေအား၂၀၁၈ခုနှစ်စတင်ဘာလမှစတင်ကာကောက်ခံမည်ဖြစ်ကြောင်းအဓိကဆွေးနွေးခဲ့ကြပါသည်။ထို့နောက်စီမံကိန်းကြောင့်ထိခိုက်သူများသည်ပြန်လည်နေရာချထားရေးနေရာနှင့်သက်ဆိုင်သောဇင်းတို့၏အခက်အခဲများအားသီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအဖွဲ့ဝင်များထံတင်ပြခဲ့ပြီးအကောင်းဆုံးဖြေရှင်းဆောင်ရွက်ရန်အတူတကွဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

## ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်အားနည်းသောမိသားစုများအားဩဂုတ်လအတွက်ထောက်ပံ့ခြင်း (၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၆ရက်)




အားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ်ကိုဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာ၌ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၆ရက်နေ့တွင်ပြုလုပ်ခဲ့ပါသည်။အဆိုပါထောက်ပံ့ခြင်း၏ရည်ရွယ်ချက်မှာစီမံကိန်းကြောင့်ထိခိုက်သူများထဲမှအားနည်းသောမိသားစုများဟုသတ်မှတ်ထားသောအကျုံးဝင်မိသားစု(၂၀)အားနိုင်ငံတကာစံနှုန်းများနှင့်အညီမူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့်လစဉ်အခြေခံစားသောက်ကုန်များဖြစ်သော(ဆန်နှင့်ဆီ)ကို ကူညီထောက်ပံ့ပေးရန်ဖြစ်ပါသည်။ထိုသို့ထောက်ပံ့ပေးခြင်းဖြင့်အားနည်းသောမိသားစုများ၏နေ့စဉ်အခြေခံစားသောက်ကုန်ဝယ်ယူခြင်းအတွက်ကုန်ကျမှုများအားတစ်ဖက်တစ်လမ်းမှနေ၍ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

## Community Consultation Meeting on 26th August, 2018



Community consultation meeting was held between TSMC and Zone B PAPs on 26th August 2018. The purpose of the meeting is to discuss about the toilet issue, street light, water supply system and garbage collection at relocation site. Total 28 participants including PAPs from Zone B relocation site, TSMC members and JET attended the meeting. During the meeting, TSMC and PAPs made the discussion mainly about paying the charges for garbage collection truck and monthly street light meter which will be collected from the residents from September. And then, PAPs also raised their difficulties regarding with the relocation site and consulted with the TSMC together for the best solution.

## Vulnerable People Program for August was provided at Zone B relocation site (26th August, 2018)



As a part of income restoration program activities, Vulnerable People Program was provided on 26th August 2018 at Zone B relocation site. The purpose of the provision is to provide monthly basic foodstuffs (rice and oil) for 20 families who were eligible as vulnerable families in accordance with the international criteria since March 2018. This provision can be helped to reduce the expenses for the basic foodstuffs in their daily life.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## မူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်နှင့်ပတ်သက်သော ဒုတိယအကြိမ်မြောက်ပုံမှန်အစည်းအဝေးပြုလုပ်ခြင်း: (၂၀၁၈ခုနှစ် စက်တင်ဘာလ ၁၉ရက်)



၂၀၁၈ခုနှစ် စက်တင်ဘာလ၁၉ရက်နေ့တွင် TSMC ၏အစည်းအဝေးခန်းမ၌ ဂျိုက်ကာ(မြန်မာ)ရုံးမှတာဝန်ရှိသူများ၊ TSMCမှအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ဂျိုက်ကာ ကျွမ်းကျင်ပညာရှင်အဖွဲ့တို့ ပါဝင်သည့် အစည်းအဝေးပွဲတစ်ခုကိုပြုလုပ်ခဲ့ကြပါသည်။ အစည်းအဝေးပြုလုပ်ရခြင်း၏အဓိကရည်ရွယ်ချက်မှာမူလဝင်ငွေပြန်လည်ရရှိစေရေးအစီအစဉ်နှင့်ပတ်သက်သောဆောင်ရွက်မှုများအား ဆွေးနွေးရန်ဖြစ်သည်။ အစည်းအဝေးပွဲတွင်စီမံကိန်းကြောင့်ထိခိုက်သူများကိုသီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိကုမ္ပဏီများတွင်အလုပ်အကိုင်ပိုမိုရရှိစေရန်၊ဇုန်အေပြန်လည်နေရာချထားရေးနေရာတွင်တည်ဆောက်ထားသည့်လူထုဖွံ့ဖြိုးရေးစင်တာကိုဇုန်အေနှင့်ဘီမှစီမံကိန်းကြောင့်ထိခိုက်သူများအတူတကွခွဲဝေသုံးစွဲနိုင်စေရန်နှင့်ဇုန်အေစီမံကိန်းကြောင့်ထိခိုက်သူများအတွက်စိုက်ပျိုးမွေးမြူရန်ပေးအပ်ထားသည့်ဘုံမြေ(၃)ဧကနှင့်သက်ဆိုင်သောကိစ္စရပ်များကိုလည်းတာဝန်ရှိသူများနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။

## 1st IRP regular meeting was held on 19th September 2018



1st IRP regular meeting among Yangon Regional Government (YRG), JICA (Myanmar) and TSMC was held on 19th September 2018. Total 17 participants attended the meeting. The purpose of the meeting is to discuss about the Income Restoration Program activities for Thilawa SEZ project affected people (PAPs). The main discussion points are, (1) to create the job opportunities to promote the number of PAPs inside the SEZ (2) to find the solution of 3 area common land issue at Zone A relocation site and (3) to share the Zone A community center for Zone B residents.

## လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်အစည်းအဝေးပြုလုပ်ခြင်း (၂၀၁၈ ခုနှစ် စက်တင်ဘာလ (၃၀) ရက်)




၂၀၁၈ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့တွင် ဇုန်ဘီပြန်လည်နေရာချထားသောနေရာ၌ စီမံကိန်းကြောင့်ထိခိုက်သောသူများနှင့်အစည်းအဝေးပြုလုပ်ခဲ့ကြပါသည်။အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာပြန်လည်နေရာချထားရေးနေရာရှိရပ်ကွက်အတွင်းလမ်းမီးကောက်ယူခြင်းကိစ္စ၊အမှိုက်သိမ်းဆည်းခြင်းနှင့်ရေထောက်ပံ့ရေးစနစ်ဆောင်ရွက ခြင်းကိစ္စတို့ကိုဆွေးနွေးရန်ဖြစ်ပါသည်။အဆိုပါအစည်းအဝေးပွဲသို့သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအဖွဲ့ဝင်များ၊ ဇုန်(ဘီ)စီမံကိန်းကြောင့်ထိခိုက်သူများနှင့်ဂျိုက်ကာကျွမ်းကျင်ပညာရှင်များအပါအဝင်စုစုပေါင်း(၂၆)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲတွင်တစ်လလျှင်တစ်ကြိမ်ဇုန်(ဘီ)ပြန်လည်နေရာချထားသောနေရာသို့အမှိုက်ကားလာရောက်သိမ်းဆည်းမည်ဖြစ်ကြောင်းနှင့်ရပ်ကွက်အတွင်းလမ်းမီးများကောင်းမွန်စွာလင်းစေရန်အတွက်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအမှိုက်ကားလာရောက်သိမ်းဆည်းခ၊လမ်းမီးမီတာခနှင့်သံဓာတ်ဖယ်ရှားသောရေကန်သန့်ရှင်းရေးအတွက်ကုန်ကျစရိတ်များကိုတစ်နှစ်အတွင်းကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ နောက်ဆုံးတွင်တက်ရောက်လာသူများမှရေထောက်ပံ့ရေးစနစ်အတွက်လိုအပ်သောဝန်ထမ်းအသစ်ကိုဆန္ဒမဲပေးကာရွေးချယ်ခဲ့ကြပါသည်။

## Community consultation meeting was held on 30th September 2018



Community consultation meeting with Zone B PAPs was held at Zone B relocation site on 30th September 2018. The purpose of the meeting is to discuss about the water supply system, payment for street light electricity charges and garbage collection charges. Total 26 people attended the meeting. During the meeting, community relation officer and Zone B PAPs discussed together about the garbage collection, street lights electricity and water supply system. As the result of discussion, TSMC will manage the garbage collection at relocation site once per month, and also support for the street lights electricity meter charges and cleaning charges for iron removal tank during one year. Finally, participants selected a new staff for water supply system by voting.